(Lot-1) အမှတ်စဉ်(      )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကွန်ပျူတာတက္ကသိုလ်(မကွေး)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ လ (      )ရက်

# အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ

သို့

ဥက္ကဋ္ဌ
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကွန်ပျူတာတက္ကသိုလ်(မကွေး)

အကြောင်းအရာ။ **မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည့် Office Equipment အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ ပေးပို့တင်သွင်းခြင်း**

ပညာရေးဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် အသုံးပြုရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည့် Office Equipment (Printer,Desktop Computer, Laptop, Document Scanner)အတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာနှင့် အတူ အိတ်ဖွင့်ဈေးနှုန်းလွှာကို ပူးတွဲပါစာရင်းအတိုင်း နမူနာပစ္စည်း (      )မျိုး၊ ပုံပြစာရွက်စာတမ်း(      ) မျိုးတို့နှင့်အတူ ပူးတွဲ တင်သွင်းအပ်ပါသည်။

(လက်မှတ်)

| | |
|---|---|
| တင်ဒါအဆိုပြုလွှာတင်သွင်းသူအမည် | ---------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ---------------------------- |
| ကုမ္ပဏီ/လုပ်ငန်းအမည်/မှတ်ပုံတင်အမှတ် (မိတ္တူကိုပူးတွဲတင်ပြရန်) | ---------------------------- |
| ကုမ္ပဏီ/လုပ်ငန်းအဖွဲ့အစည်း၏လိပ်စာ | ---------------------------- |
| ကုမ္ပဏီတယ်လီဖုန်းအမှတ်/ လက်ကိုင်ဖုန်းအမှတ် | ---------------------------- |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကွန်ပျူတာတက္ကသိုလ်(မကွေး)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ လ (　　)ရက်

## အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေဖြင့် ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် အသုံးပြုရန် ပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မှာယူသည့်နေရာသို့ အရောက်ပို့စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါ တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်-

၁။ **အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ကုမ္ပဏီသည်** တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားပိုင်အမည်ပျက်စာရင်းတွင် မပါဝင်သည့် ကုမ္ပဏီအဖွဲ့အစည်း ဖြစ်ရမည်။ ပူးတွဲတင်ပြထားသည့် **ကုမ္ပဏီ၏** တရားဝင်မှတ်ပုံတင်မိတ္တူသည် သက်တမ်းပြတ်နေပါက အဆိုပါကုမ္ပဏီကို **အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့မှ** လက်ခံစဉ်းစားမည် မဟုတ်သည်ကို ကြိုတင်သိရှိပြီးဖြစ်ရမည်။

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့်**

(က) ပူးတွဲဖော်ပြပါပစ္စည်းအုပ်စုအလိုက် ယှဉ်တွဲပါသတ်မှတ်ထားသည့် တင်ဒါအာမခံ စပေါ်ငွေများကို မြန်မာနိုင်ငံဗဟိုဘဏ်မှအသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုသို့ ပေးသွင်း၍ ဘဏ်သို့ပေးသွင်းထားသည့် တင်ဒါအာမခံစပေါ်ငွေ (Cheque) လက်မှတ်ကို ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ ဘဏ္ဍာဌာနတွင်အပ်နှံပြီး၊ အဆိုပါအပ်နှံသည့် ပြေစာမိတ္တူ ပူးတွဲလျက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာကို တင်သွင်းရမည်။ **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်း မခံရသောလုပ်ငန်းအတွက်** တင်ဒါအာမခံကြေးကို (၇)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ ဘဏ္ဍာဌာနတွင် ပြန်လည်ထုတ်ယူနိုင်သည်။

(ခ) အိတ်ဖွင့်တင်ဒါအောင်မြင်သူများသည် ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ပေးပို့မည့် Firm Order ပါ တင်ဒါအောင်မြင်သည့် ဝယ်ယူမည့် စုစုပေါင်း ပစ္စည်းဖိုး၏ ၁၀%နှင့်ညီမျှသောငွေကို Firm Order ပါ စာချုပ်ချုပ်ဆိုရန် သတ်မှတ်သည့်ရက်တွင် မပျက်မကွက်ပေးသွင်းပြီး၊ လက်ခံပြေစာပူးတွဲ၍ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုရမည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ နောက်ဆုံးထားတင်ပြရန် သတ်မှတ်ထားသည့် (၂၈.၁၂.၂၀၂၀ ) ရက်နေ့ နေ့လည်(၃:၀၀)နာရီထက် နောက်ကျပြီး တင်သွင်းလာသည့် လျှောက်လွှာများကို **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ** လုံးဝ(လုံးဝ)လက်ခံစဉ်းစားပေးမည် မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည်။

၄။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို လူကြုံဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ခြင်းကို **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ** လက်ခံစဉ်းစားမည် မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည်။

၅။ ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ပုံစံဖြင့်သာ အဆိုပြုရပါမည်။ အခြားပုံစံဖြင့် တင်သွင်းမှုကို **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ** လက်ခံစဉ်းစားမည် မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည်။ **အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့်** အိတ်ဖွင့်အဆိုပြုလွှာပုံစံနှင့်ပူးတွဲထားသည့် အိတ်ဖွင့်ဈေးနှုန်းလွှာဇယားပုံစံ၏ စာတိုင်တိုင်းကို ပြည့်စုံစွာ ဖြည့်သွင်းပြီး၊ စာလုံးများကို ထင်ရှားပြတ်သားပီသစွာ ဖော်ပြပေးရမည်။

၆။ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မဖြစ်မနေ ပူးတွဲတင်ပြရမည်-

(က) ကွန်ပျူတာတက္ကသိုလ်(မကွေး)မှ ပေးထားသော Soft Copy တွင် ပါရှိသည့် ပုံစံတွင် မှန်ကန်စွာရေးသွင်း၍ Computer နှင့် ပြုစုထားသော Soft Copy (စီဒီတစ်ချပ်)နှင့်အတူ ပစ္စည်းတစ်ခုချင်းစီ၏ Specification နှင့် Unit Price ဖော်ပြထားသော Hard Copy

(ခ) ပြည့်စုံစွာဖြည့်သွင်းထားသည့် အိတ်ဖွင့်ဈေးနှုန်းလွှာဇယား (ပစ္စည်းများ ပေးသွင်းမည့်ကာလ (Delivery Period)ကို တိကျစွာဖော်ပြရန်နှင့် ပစ္စည်းမျိုးတူ အုပ်စုလိုက်ခွဲ၍ ဈေးနှုန်းလွှာဇယား တစ်ရွက်စီခွဲ၍ တင်ပြရန်)

(ဂ) တင်သွင်းသည့် ပစ္စည်းတစ်ခုချင်းအတွက် ပုံပြစာရွက်စာတမ်းများနှင့်ဓါတ်ပုံများ (တင်သွင်းသည့်နံပါတ်စဉ်အလိုက် ပုံတွင် အမှတ်စဉ်တိကျစွာ ထည့်သွင်း ဖော်ပြရန်)

(ဃ) အလွယ်တကူ တိုက်ဆိုင်စစ်ဆေးနိုင်သည့် ပစ္စည်းများမှလွဲ၍ ကျန်ပစ္စည်းများ အတွက် နမူနာပစ္စည်းများ (နမူနာပေးပို့သည့် ပစ္စည်းများအား ဦးစားပေး ရွေးချယ်သွားမည် ဖြစ်ပါသည်)

(င) နမူနာ(Sample)ပစ္စည်းများအား တင်ဒါဖွင့်ဖောက်စစ်ဆေးရာတွင်တစ်ပါတည်း ယူဆောင်လာရမည်။

(စ) တင်ဒါအာမခံကြေးငွေပေးသွင်းသည့်ပြေစာမိတ္တူ

(ဆ) ကုမ္ပဏီ/လုပ်ငန်းများ၏ Profile ၊ လုပ်ငန်းလိုင်စင်၊ Bank Statement အခွန်ကင်းရှင်းကြောင်းစာနှင့် လုပ်ငန်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများအား စာအိတ်(A)နှင့် ဈေးနှုန်းအဆိုပြုလွှာများအား စာအိတ်(B)တွင်ထည့်သွင်းရမည်။

(ဇ) ဈေးနှုန်းအဆိုပြုလွှာတွင် ကုန်သွယ်လုပ်ငန်းခွန် (၅%)ပါ ထည့်သွင်းတွက်ချက်ရမည်။